ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဝါရှင်တန်မြို့

**မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအားပြည်ဝင်ဗီဇာ အပြန်အလှန် ကင်းလွတ်ခွင့်ပြုရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း အသိပေးကြေညာခြင်း**

(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ထိုင်းနိုင်ငံအစိုးရတို့အကြား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအား ပြည်ဝင်ဗီဇာ အပြန်အလှန်ကင်းလွတ်ခွင့်ပြုရေး သဘောတူစာချုပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နှင့် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တန်နာဆတ်ခ်ပတိမပရာဂွန်တို့မှ ၂၈-၇-၂၀၁၅ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ လက်မှတ်ရေးထိုး ခဲ့ပြီးဖြစ်ပါသည်။ ဤသဘောတူစာချုပ်သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့မှစတင်၍ အသက်ဝင်အတည်ဖြစ်ပါသည်။

၂။ အထက်ပါ သဘောတူညီချက်စာချုပ်အရ နိုင်ငံကူးလက်မှတ်သက်တမ်း အနည်းဆုံး (၆)လရှိသော သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူ စာချုပ်ဝင်နိုင်ငံ၏ နိုင်ငံသားများသည် အခြားစာချုပ်အဖွဲ့ဝင်နိုင်ငံ၏နယ်မြေအတွင်းသို့ ဝင်ရောက်ခြင်း၊ ထွက်ခွာခြင်းနှင့် ဖြတ်သန်းသွားလာ ခြင်းတို့အတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်များမှတစ်ဆင့် လေကြောင်းခရီးဖြင့် ပြည်ဝင်ဗီဇာမလိုဘဲ ဝင်ရောက်၊ ထွက်ခွာ၊ ဖြတ်သန်းသွားလာနိုင်ပြီး၊ ရက်ပေါင်း(၁၄)ရက်ထက် မကျော်လွန်သည့်ကာလ အတွက် ဗီဇာကင်းလွတ်ခွင့်ရမည်ဖြစ်ပါကြောင်း သိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

၃။ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၆ ခုနှစ်၊ အာဆီယံဗီဇာကင်းလွတ်ခွင့် မူဘောင်သဘောတူညီ ချက်နှင့်အညီ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ် နိုင်ငံတို့နှင့်လည်း အလားတူသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

၄။ ပူးတွဲပါဇယားမှာ မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံချင်း ဗီဇာကင်းလွတ်ခွင့်လက်မှတ်ရေးထိုးထား သော နိုင်ငံများ (၂၀၁၅ ခုနှစ်၊ ဩဂုတ်လအထိ) ဖြစ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
081
WASHINGTON

မြန်မာသံရုံး၊ ဝါရှင်တန်မြို့

# List of Countries Having Bilateral Visa Exemption Agreements with Myanmar

(As of August 2015)

*In Alphabetical Order*

| Sr. No. | Country | Diplomatic Passport Holder | Duration of Stay | Official / Service Passport Holder | Duration of Stay | Ordinary Passport Holder | Duration of Stay |
|---|---|---|---|---|---|---|---|
| 1. | Bangladesh | √ | 90 days | √ | 90 days | × | |
| 2. | Belarus | √ | 30 days | √ | 30 days | × | |
| 3. | Brunei Darussalam * | √ | 14 days | √ | 14 days | √ | 14 days |
| 4. | Cambodia * | √ | 30 days | √ | 30 days | √ | 14 days |
| 5. | China (P.R.C.) | √ | 30 days | √ | 30 days | × | |
| 6. | India | √ | 90 days | √ | 90 days | × | |
| 7. | Indonesia * | √ | 14 days | √ | 14 days | × | |
| 8. | Korea (Democratic People's Republic of Korea) | √ | 30 days | √ | 30 days | × | |
| 9. | Korea (Republic of Korea) | √ | 90 days | √ | 90 days | × | |
| 10. | Laos * | √ | 30 days | √ | 30 days | √ | 14 days |
| 11. | Malaysia * | √ | 30 days | √ | 30 days | × | |
| 12. | Philippines * | √ | 30 days | √ | 30 days | √ | 14 days |
| 13. | Russia | √ | 90 days | √ | 90 days | × | |
| 14. | Singapore * | √ | 30 days | √ | 30 days | × | |
| 15. | Sri Lanka | √ | 30 days | √ | 30 days | × | |
| 16. | Thailand * | √ | 30 days | √ | 30 days | √ | 14 days |
| 17. | Viet Nam * | √ | 30 days | √ | 30 days | √ | 14 days |

**N.B.:**

- *Asterisk** denotes the Member States of the ASEAN.
- According to these bilateral agreements, the Myanmar officials, holding either diplomatic or official passports, are kindly requested to check the visa requirements for their preparation of the trip. If unclear, please contact the Consular Department. (067-412063).